ခြင်းကြောင့် ရလတ့ံအကျိုးကိုလည်း မဆင်ခြင်ဘဲ သုံးစွဲခြင်းသည် ကြွေးယူ၍ သုံးစွဲရာရောက်သောကြောင့် ဣဏပရိဘောဂ မည်၏၊ ဣဏ=ကြွေးအဖြစ်ဖြင့် (ကြွေးယူ၍)+ပရိဘောဂေါ=သုံးစွဲခြင်း။ ထို့ကြောင့် ဣဏပရိဘောဂ မဖြစ်အောင် ဆွမ်းစသော ပစ္စည်းများကို သုံးစွဲရာ၌ ပြခဲ့သည့်အတိုင်း သတိကောင်းသော ဉာဏ်ဖြင့် ဆင်ခြင်မှုကို ပြုရမည်။

သေက္ခပုဂ္ဂိုလ်များ၏ ပစ္စည်း ၄-ပါးကို သုံး စွဲခြင်းသည် ဒါယဇ္ဇပရိဘောဂ မည်၏၊ [ဒါယဇ္ဇ=ဘုရားခွင့်ပြုတော်မူသည့်အတွက် ဘုရားအမွေကို ခံယူသူ အဖြစ်ဖြင့်+ပရိဘောဂ=သုံးစွဲခြင်း။] သီလရှိသော ပုထုဇဉ်တို့၏ သုံးစွဲခြင်းလည်း ဒါယဇ္ဇ ပရိဘောဂ၌ ပါဝင်၏၊ ကြွေးမတင်သောကြောင့် "အာနဏျပရိဘောဂ = ကြွေးမတင်သော သုံးစွဲခြင်း" ဟုလည်း သီးခြား နာမည် တပ်ကြသေး၏၊ ရဟန္တာပုဂ္ဂိုလ်၏ ပစ္စည်း ၄-ပါး သုံးစွဲခြင်းကား ကိုယ်ပိုင်ပစ္စည်းကို သုံးစွဲရသကဲ့သို့ ဖြစ်သောကြောင့် သာမိပရိဘောဂ အစစ်တည်း။ [သာမိ=ပိုင်ရှင်၏ အဖြစ်ဖြင့်+ပရိဘောဂ=သုံးစွဲခြင်း။]

**အမှာ။** ။ဤမျှသော စကားအစဉ်ဖြင့် ရုပ်ပုံ ရှင်ကျင့်ဝတ်ကား ပြီးပါပြီ၊ သို့သော် ရှင်ကျင့်ဝတ်ပါ၌ အနက်ကိုလည်း (ခေတ္တဝတ်သူ မဟုတ်ဘဲ အမြဲနေမည့် ရဟန်းလောင်း သာမဏေတို့) အရကျက်ဘို့ရာ ဆက်လက် ပြပါဦးမည်။

ဆရာများအတွက်မှတ်ဘွယ် ပြီး၏။